# အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲကျင်းပ



အမျိုးသားညီလာခံ ကြိုဆိုထောက်ခံရေး အင်အားစု၏အမျိုးသားညီလာခံကြိုဆိုထောက်ခံပွဲနှင့် သတင်းစာဆရာကြီးများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ၈-၇-၀၇ ရက်နေ့ နံနက် ၉း၀၀ နာရီအချိန်က ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်၊ ဦးဘဟန်လမ်းရှိ ပညာရေးကောလိပ် (သဃ်န်းကျွန်း) အစည်းအဝေးခန်းမဆောင်တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် သဘာပတိ ဦးတင်ရွှေမှ အမျိုးသားညီလာခံနှင့် ပတ်သက်သော အကြောင်းအရာအချက်အလက် များကို ရှင်းလင်းပြောကြားခြင်း၊ ညီလာခံကြိုဆိုထောက်ခံရေး အင်အားစု၏ သဘောထားကြေညာချက် (ပြည်သူသို့ ပန်ကြားချက်) ကိုဖတ်ကြားခြင်း၊ ဦးထွန်းရွှေမှ ညီလာခံကြိုဆိုထောက်ခံရေး အင်အားစု၏ သဘောထားရပ်တည်ချက်ကို ဖတ်ကြားခြင်းများပြုလုပ်ခဲ့ကြသည်။

ဆက်လက်၍ ဦးမျိုးမင်း၊ အမျိုးသားညီလာခံကိုယ်စားလှယ် ဒေါ်ချယ်ရီအောင်၊ သဃ်န်းကျွန်းမြို့နယ်၊ မြို့မိမြို့ဖ ဦးကြည်ဝင်းနှင့် ဦးခင်ဝေတို့က အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း ပြောကြားခဲ့ကြပြီး သဘာပတိမှ နိဂုံးချုပ်အမှာစကားပြောကြားကာ နံနက် ၁၀း၃၀ တွင် အခမ်းအနားကိုအောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

အခမ်းအနားသို့ ဖိတ်ကြားထားသူများနှင့် ရပ်ကွက်လူထု ၆၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

**TWA**